# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 8, 2020 Volume 31, Number 4


| ၈.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၉ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၀၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၂/- ကျပ် |
| CBM Rate | = ၁၃၉၄.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၇.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၈.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၁.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၉.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၂၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပဲမျိုးစုံနှင့်ပြောင်းအပါအဝင် ကုန်စည်များကို အိမ်နီးချင်းနိုင်ငံဈေးကွက်ကိုသာ မှီခိုနေရပြီး ယင်းနိုင်ငံများ၏ ပေါ်လစီအပြောင်းအလဲက မြန်မာ့ပို့ကုန်များ အပေါ်ထိခိုက်မှုရှိကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

ပဲမျိုးစုံနှင့် ပြောင်းအပါအဝင် ကုန်စည်များကို အိမ်နီးချင်းနိုင်ငံဈေးကွက်ကိုသာမှီခိုနေရပြီး ယင်းနိုင်ငံများ၏ ပေါ်လစီအပြောင်းအလဲက မြန်မာ့ပို့ကုန်များအပေါ်ထိခိုက်မှုရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ မြန်မာနိုင်ငံ၌ ပို့ကုန်လုပ်ငန်းလုပ်ကိုင်ရာ၌ လယ်ယာထွက်ကုန်မှာအဓိကဖြစ်ပြီး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းနှင့် ရေထွက်ကုန်လုပ်ငန်းများလည်းရှိကြောင်း၊ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍအထည်ချုပ်လုပ်ငန်းက ပို့ကုန်များလည်းရှိကြောင်း၊ ယင်းပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသည့်အခါတွင် ယှဉ်ပြိုင်နိုင်ရေး နံပါတ် (၁)အနေဖြင့် မြန်မာနိုင်ငံ၏ထွက်ကုန်များ အရည်အသွေးကောင်းမွန်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

မြန်မာ့ပို့ကုန်များတွင် အရည်အသွေးကောင်းမွန်မှု လျော့နည်းသည်ကိုတွေ့ရကြောင်း၊ ဈေးနှုန်းယှဉ်ပြိုင်အောင် ထုတ်လုပ်မှု စရိတ်သက်သာရေး၊ ကုန်သွယ်မှုစရိတ်သက်သာရေး လိုအပ်ကြောင်း၊ နိုင်ငံတကာကို လိုအပ်လျှင်လိုအပ်သကဲ့သို့ တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ ယင်းအချက်များက စိန်ခေါ်မှုဖြစ်နေကြောင်း၊ ဥပမာအားဖြင့် တစ်ဖက်တွင် ထုတ်လုပ်မှုစရိတ် လျှော့နိုင်ရန်ဖြစ်သော်လည်း အခြားတစ်ဖက်တွင် ကုန်သွယ်ရေးအပြင် ဝယ်ယူ၊ ကြိတ်ခွဲ၊ သိုလှောင်၊ ဖြန့်ဖြူးစရိတ်များ ကြီးနေသည့်အတွက် ကုန်သွယ်ရေးလုပ်သည့်အခါ ဈေးနှုန်းကြီးမှု ဖြစ်သောကြောင့် ယင်းသည်လည်း ရေရှည်ဖြေရှင်းရမည့် စိန်ခေါ်မှုဖြစ်နေကြောင်းသိရသည်။ “ကုန်သွယ်ရေးလုပ်တဲ့အခါ ပို့ကုန်တွေက ဈေးကွက်ကျဉ်းမြောင်းနေတာတွေ ရှိပါတယ်။ ဆန်ဆိုရင် အာဖရိကနိုင်ငံတော်တော်များများကိုပို့ပြီး နိုင်ငံပေါင်း ၆၀ လောက်ရှိပါတယ်။ သို့သော် အဓိကကုန်တွေဖြစ်တဲ့ ပြောင်း၊ ပဲမျိုးစုံ၊ အခြားကုန်စည်တွေကို အိမ်နီးချင်းနိုင်ငံဈေးကွက်တွေကို မှီခိုနေရတာရှိတယ်။ ဒီနိုင်ငံတွေရဲ့ ပေါ်လစီအပြောင်းအလဲက တစ်ခါတလေ မြန်မာနိုင်ငံရဲ့ပို့ကုန်လုပ်ငန်းကို ထိခိုက်တာရှိပါတယ်။ ဒုတိယအခက်အခဲက ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့်ရရှိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ယခုဆိုရင် ဆန်နဲ့ပတ်သက်ပြီး ဈေးကွက်ကျယ်ကျယ်ပြန့် ပြန့်ရရှိထားပါတယ်။ ပြောင်းကို ဝယ်ယူသူတွေများလာတယ်။ ပဲကို ဝယ်ယူသူတွေများလာလို့ ကုန်သွယ်မှုတိုးလာအောင် ဆောင်ရွက်နိုင်တာရှိပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံပိုင်သတင်းစာများနှင့်တွေ့ဆုံမှုတွင်ပြောကြားခဲ့သည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အမျိုးသားပို့ကုန်မဟာဗျူဟာ NES ၂၀၂၀-၂၀၂၅ သည် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်နှင့် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်ရေးအတွက် အစိုးရ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ခု ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးအောင်စိုး၏ ပြောကြားချက်အရ သိရသည်။

**Source:** https://news-eleven.com/article/172594

## တရုတ်က ပြောင်းချိုတင်ပို့ခွင့်ပိတ်ထားခြင်းကြောင့် နေ့စဉ် တန် ၁၀၀ ခန့် စွန့်ပစ်နေရ



တရုတ်အစိုးရက နန်ခမ်း"မူဆယ်တစ်လျှောက်ရှိ ဝင်ပေါက်များမှ ပြောင်းချို(သကြားပြောင်း) တင်ပို့မှုကို ပိတ်လိုက်သည့်အတွက် ပြောင်းဖူးများအား ရွှေလီမြစ်ထဲသို့ နေ့စဉ် တန် ၁၀၀ ခန့် စွန့်ပစ်နေရပြီး တောင်သူများနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း ဒေသခံများက မြန်မာတိုင်းမ်ကိုပြောသည်။ ''ပြောင်းချိုတွေ။ သက်တမ်းက ၃ ရက်ပဲခံတာ။ချူးပြီး ဝင်မရတဲ့အတွက် ရွှေလီမြစ်ထဲ သွန်ချကြတာ''ဟု မူဆယ်သစ်သီးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ တရုတ်အာဏာပိုင်များက Covid အကြောင်းပြ၍ " မြန်မာ-တရုတ် နယ်နိမိတ်ချိတ်ဆက် ဇရိယာထဲရှိ နယ်စပ်မျဉ်းဖြတ်သန်းသွားသော ရှမ်းရွာများရှိတောင်သူများ၏ စိုက်ပျိုးသောသကြားပြောင်းများအား တရုတ်ပြည်ထဲသို့ တင်ပို့မှု ပိတ်ခဲ့ခြင်းဖြစ်သည်။ ''Covid-19 မူဆယ်မှာ တွေ့ပြီးကတည်းက မူဆယ် ခရိုင်အတွင်းမှာ ရှိတဲ့တောင်သူတွေအတွက်တော့ မီးဟုန်း ဟုန်းတောက် လောင်နေတဲ့အချိန်ကို အဲ့မီးတောက်ထဲကို ခုန်ဆင်းနေရတဲ့အတိုင်းပါပဲ။ တရုတ်ရဲ ၊တရုတ်စစ်သား ကင်းလှည့်လာချိန်နဲ့ ကြုံရင် ခွေးပြေး၊ ဝက်ပြေး ပြေးရသေးတယ်။ မှောင်ခို ပစ္စည်းအလား သဏ္ဌာန်ပါပဲ''ဟု ဒေသခံ ပြောင်းချိုစိုက်တောင်သူတစ်ဦးက မြန်မာတိုင်းမ်ကို ပြောသည်။

နယ်စပ်ရှိ ရှမ်းတောင်သူများသည် ပြောင်းချိုများကို တရုတ်ပြည်ထဲသို့ တစ်ပိုင်တစ်နိုင် တင်ပို့ ရောင်းချ ခြင်းဖြစ်ပြီး ပြောင်းဖူးများကို မနက်ပိုင်းအပြီးခုတ်ကာ ထော်လာဂျီများဖြင့် သွားရောင်းချရာတွင် တရုတ်ပြည်ထဲတိုက်ရိုက် ဝင်ရောက် ရောင်းချခွင့်မရသည့်အတွက် သယ်ယူပို့ဆောင်ရေးအတွက် တရုတ်ဘက်ခြမ်းရှိ ထော်လာဂျီငှားတင်ပို့ရကြောင်းသိရသည်။ တရုတ်စစ်တပ်နှင့် ရဲက ဧပြီလ ၂၄ ရက်မှ ပြောင်းဖူးတင် ထော်လာဂျီကားများကို တစ်ရက်လျှင် အစီး ၂၀ ၊၃၀ ခန့်စတင် ဖမ်းဆီးခဲ့ပြီး ယခုရက်ပိုင်းအတွင်း ဖမ်းဆီးမှုပိုများလာကာ ပြောင်းဖူးတင်ပို့မှု ဝင်ရောက်ခွင့်လုံးဝပိတ်ခဲ့ခြင်းဖြစ်သည်ဟု နန်းခမ်း ဒေသခံ ဦးစိုင်းအိုက်အောင်ကပြောသည်။ ''အခုကပိုပြီးဆိုးလာတာကတော့ ၂ညစောင့်လည်းမရ ၃ညစောင့်လည်း အခြေအနေက မပေးတော့ ပြောင်းဖူးတွေကမလှတော့ သွန်ပစ်ရတဲ့အခြေအနေတွေဖြစ်လာခဲ့တာပါ။ ပြောင်းဖူးက ၃ ရက်ထက်ကျော်ရင် ပြောင်းဖူးကမလှတော့ သွန်ပစ်တာကလွဲရင် တောင်သူအတွက်အခက်ပေါ့။ တောင်သူတစ်ဦးချင်းဆီရဲ့ဆုံးရှုံးမှုက တစ်ဧ အတွက် သိန်း ၃၀ မှ သိန်း၄၀ကြားမှာ။ မူဆယ်ခရိုင်အတွင်းဆို ဘယ်လောက်ထိနစ်နာဆုံးရှုံးနေရပါသလဲဆိုတာ ခန့်မှန်းလို့ ရနိုင်ပါတယ်။ ဒီအဖြစ်အပျက်အားလုံးကို ဘယ်ဌာနဆိုင်ရာမှ၊ ဘယ်ပါတီကမှ စိတ်မဝင်စားကြပါဘူး''ဟု ဒေသခံပြောင်းစိုက် တောင်သူကပြောသည်။

ပြောင်းချိုများတင်ပို့မှုကို ကိုဗစ်အကြောင်းပြ၍ ပိတ်သော်လည်း တဖက်တွင် တရုတ်ကမြန်မာပြည်ထဲတွင် လာရောက် စိုက်ထားသော ကြံတင်ပို့မှုများကိုမူ ဝင်ရောက်ခွင့်ပြုထားပြီး တရုတ်အစိုးရ၏ သကြားစက်ရုံများနှင့် ဆိုင်နေသည်ဟု ဒေသခံ ဦးစိုင်းအိုက်အောင်ကပြောသည်။ ထိုသို့တင်ပို့ခွင့်မရကြသော်လည်း မျိုးစေ့၊ မြေသြဇာ ၊မြေဆီ၊ ဆေးပစ္စည်းများကို ပြောင်းမစိုက် ခင် တရုတ်ဘက်မှမြေဆီများသည် တရုတ်ဘက်မှဝယ်ထားရပြီး သီးနှံပေါ်ချိန်ကြိုတင် အကြွေးစနစ်ခြင်းစနစ်ဖြင့် တရုတ်ဘက် က ရောင်းချထားခြင်းများလည်းရှိသည်။ မူဆယ်"နန်းခမ်း မြို့နှစ်ခုကြားရှိ ရွှေလီမြစ်ကမ်းတစ်လျှောက်တွင် ပြောင်းချိုစိုက်ဧက ၅,၀၀၀ ခန့်ရှိပြီး ယင်းမှထွက်လာသော ပြောင်းတန်ချိန် သိန်းချီရှိမည်ဟု မူဆယ်သစ်သီးကုန်စည်ဒိုင်မှသိရသည်။ ပြောင်းချို

စိုက်ပျိုးရာတွင် တစ်ဧကေပျမ်းမျှကုန်ကျစရိတ်သည် ကျပ် ၁၃ သိန်းခန့်ရှိပြီး ကိုယ်ပိုင်လယ်ယာရှိပါက တစ်ဧက ကျပ် ၁၀ သိန်းခန့် ကုန်ကျကာ အထွက်နှုန်းကတော့ ၅ တန်ခန့်ရှိသည်။ ယခုကာလပေါက်ဈေးသည် ၁ တန်လျှင် ကျပ် ၅ သိန်းမှ ၇သိန်းရှိပြီး စိုက်ပျိုးကာလကြာချိန်သည် ၃ မှ ၄ လအတွင်း စပါးရိတ်သိမ်းပြီးနောက် ပြောင်းဖူးစိုက်ပျိုးရန်အတွက် နှစ်သီးစာစိုက်၍ ရသည်ဟု ဒေသခံတောင်သူထံမှသိရသည်။

ယခုအခါ တရုတ်ဘက်က တင်ပို့ခွင့်မပြုသည့်အတွက် နယ်စပ်ရှိ ပြောင်းချိုစိုက်တောင်သူများအတွက် ဆုံးရှုံးမှုများဖြစ်ပေါ် ကာ တရုတ်ဘက်မှ သီးနှံပေါ်ချိန်အကြွေးစနစ်ဖြင့် ဝယ်ယူထားမှုများအတွက် ပြန်ပေးချေရန် အခက်အခဲရှိမည်ဟုသိရသည်။ ထိုသို့ ပြောင်းချိုတင်ပို့မှု ထွက်ပေါက်ပိတ်နေသည့်အပေါ် မြန်မာဘက်မှ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ရန် မူဆယ်ခရိုင် စီမံခန့်ခွဲရေးကော်မတီ၊ နယ်စပ်ကုန်သည်များက တရုတ်ပြည်ပရေးရာဆက်ဆံဌာနနှင့် ညှိနှိုင်းပေးနေသည်ဟု ဦးစိုင်းခင်မောင်ကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/139009.html

## COVID-19 ကြောင့် အာဆီယံထုတ်လုပ်ရေးကဏ္ဍ အနိမ့်ဆုံးနှုန်းသို့ စံချိန်တင်ဆက်လက်ကျဆင်းခဲ့ပြီး ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ပြည်ပတင်ပို့မှုအားလုံး စံချိန်တင်အများဆုံးနှုန်းဖြင့်ကျဆင်းလာ



COVID-19 ကြောင့် အာဆီယံထုတ်လုပ်ရေးကဏ္ဍ အနိမ့်ဆုံးနှုန်းသို့ စံချိန်တင် ဆက်လက်ကျဆင်းခဲ့ပြီး ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ပြည်ပတင်ပို့မှုအားလုံး စံချိန်တင်အများဆုံးနှုန်းဖြင့် ကျဆင်းလာကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သော HIS Markit စစ်တမ်းတွင် ဖော်ပြချက်အရသိရသည်။ အာဆီယံထုတ်လုပ်သူတို့သည် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ဆက်လက်ပျံ့နှံ့လာခဲ့၍ ဧပြီတွင် လုပ်ကိုင်မှုအခြေအနေများမှာ စစ်တမ်း၏ ရှစ်နှစ်နီးပါး သမိုင်းအတွက် အသိသာဆုံးဆိုးဝါးမှုကို ရင်ဆိုင်ခဲ့ကြရသည်။ ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ပြည်ပတင်ပို့မှုအားလုံး မကြုံစဖူးနှုန်းများဖြင့်ကျဆင်းလာခဲ့ကြပြီး အနာဂတ်တစ်နှစ်အတွင်း ထုတ်လုပ်မှုဆိုင်ရာကုမ္ပဏီများ၏ ယုံကြည်မှုမှာ စစ်တမ်းအတွင်း အနိမ့်ဆုံးနေရာသို့ ရောက်ရှိသွားသည်။ အာဆီယံ PMI ညွှန်းကိန်းသည် ယခင်လအနိမ့်ဆုံးစံချိန် ၄၃ ဒသမ ၄ မှ ဧပြီတွင် ၃၀ ဒသမ ၇ အထိ ဆက်လက် ထိုးကျသွားရာ စစ်တမ်းစတင်ခဲ့သည့် ၂၀၁၂ ခုနှစ် ဇူလိုင်မှစပြီး တစ်လအတွင်း ထုတ်လုပ်ရေး အခြေအနေများ အများဆုံး ဆိုးရွားလာမှုကို ညွှန်ပြခဲ့ခြင်းဖြစ်သည်။

ခုနစ်နိုင်ငံပါဝင်သော စစ်တမ်းတွင် နိုင်ငံတိုင်းက ဧပြီလတွင်လုပ်ငန်းအခြေအနေများ ရှေ့ဆက်ဆိုးဝါးလာခဲ့ကြောင်း အစီရင်ခံခဲ့ကြပြီး ကျဆင်းမှုအရှိန်မှာ စင်ကာပူမှလွဲ၍ ပိုမိုပြင်းထန်လာခဲ့သည်။ အင်ဒိုနီးရှား နိုင်ငံအတွက် ခြုံပြောရလျှင် စက်ရုံများပိတ်ရမှုများနှင့် ဝယ်လိုအား ထိုးကျသွားမှုကြောင့် PMI ညွှန်းကိန်းသည် ၂၇ ဒသမ ၅ အထိ ကျဆင်းပြီး တစ်လအတွင်း ၁၇ ဒသမ ၈ မှတ် အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ကျန်နိုင်ငံများကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံ၏ PMI ညွှန်းကိန်းသည် အနိမ့်ဆုံးစံချိန်သစ် ၂၉ ပွိုင့်အထိ ထိုးကျသွားပြီး ခုနစ်နိုင်ငံအနက် ဒုတိယအပြင်းထန်ဆုံး ဆုတ်ယုတ်မှုဖြစ်ခဲ့သည်။ စင်ကာပူ၏ PMI ညွှန်းကိန်းမှာ မတ်လ၏ မကြုံစဖူး အနိမ့်ဆုံးအဆင့်မှ ဧပြီတွင် ၂၉ ဒသမ ၃ သို့ မသိမသာ ပြန်တက်လာသော်လည်း ထုတ်လုပ်မှုကဏ္ဍအခြေအနေမှာ သိသာစွာဆိုးရွားနေဆဲဖြစ်သည်။ မလေးရှားနိုင်ငံ၏ PMI အညွှန်းမှာလည်း ရှေ့ဆက်ကျဆင်းသွားခဲ့ရာ ရှစ်နှစ်နီးပါးအတွင်း အထင်ရှားဆုံး ဆိုးရွားလာမှုကို အချက်ပြနေသည်။ ရှေ့ဆက် ဆုတ်ယုတ်လာမှုကို ဖိလစ်ပိုင်နိုင်ငံတွင်ပါတွေ့နိုင်ပြီး PMI ညွှန်းကိန်း ၃၀ ဒသမ ၆ မှာ လေးနှစ်ကျော် စစ်တမ်းသမိုင်းအတွင်း သိသာစွာဆိုးရွားလာခြင်းကို မီးမောင်းထိုးပြနေသည်။ ဗီယက်နမ်နိုင်ငံကလည်း စံချိန်တင်ကျဆင်းမှုကို မှတ်တမ်းတင်ခဲ့ပြီး PMI ညွှန်းကိန်း ၃၂ ဒသမ ၇ ဖြင့် စံချိန်တင်အနိမ့်ဆုံးဖြစ်သည်။ ထိုင်းနိုင်ငံက အာဆီယံနိုင်ငံများထဲတွင် အမြင့်ဆုံးညွှန်းကိန်းရရှိခဲ့သော်လည်း ၎င်း၏ PMI ညွှန်းကိန်း ၃၆ ဒသမ ၈ မှာ ထုတ်လုပ်ရေး အခြေအနေများ မကြုံစဖူး ဆိုးဝါးလာခြင်းကိုထောက်ပြနေသည်။

ဧပြီဒေတာသည် COVID-19 ၏ ဆိုးရွားလှသည့် သက်ရောက်မှုများကြောင့် အာဆီယံထုတ်လုပ်ရေး လုပ်ငန်းများ အခြေအနေ ပြင်းထန်စွာ ဆုတ်ယုတ်နေသည်ကို အချက်ပြနေပြီး PMI ညွှန်းကိန်းမှာ စံချိန်တင် အနိမ့်ဆုံး အဆင့်သို့ ထိုးကျခဲ့သည်။ ကျဆင်းမှု၏ အဓိက အကြောင်းရင်းများမှာ ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ပြည်ပတင်ပို့ရမှုများ သိသာစွာ လျော့ကျသွားမှုနှင့် လုပ်ငန်းများ ကျယ်ပြန့်စွာပိတ်ချရမှုများနှင့် အခြားအရေးပေါ်လုပ်ဆောင်ချက်များကြောင့် ဝယ်သူများ ဘက်မှ ဝယ်လိုအားမှာ ပြည်တွင်းတွင်ရော နိုင်ငံတကာမှာပါ ထိုးကျသွားခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ကုမ္ပဏီများသည် ဧပြီတွင် အလုပ်သမားဦးရေးကို ဆက်လက်လျှော့ချခဲ့ကြရာ အလုပ်နေရာဖြတ်တောက်ခံရမှုမှာ စံချိန်တင်အများဆုံး ဖြစ်လာသည်။

ဤအတောအတွင်း ထည့်သွင်းကုန် ဝယ်ယူမှုများကို သိသာစွာ လျှော့ချခဲ့ကြရာ စစ်တမ်းသမိုင်းတွင် အမြန်ဆုံး ကျဆင်းမှု ဖြစ်ခဲ့သည်။ ပစ္စည်းပေးသွင်းရေး ကွင်းဆက်များထဲ ပြတ်တောက်မှုများ ဆက်ရှိမြဲရှိနေခဲ့ပြီး ပစ္စည်းပေးသွင်းမှု ကြာမြင့်ချိန်များမှာ ဒေတာစုစည်းခဲ့သည့် ရှစ်နှစ်နီးပါးကာလအတွင်း အများဆုံးတိုးလာခဲ့သည်။ ဝယ်ယူမှုများနှင့် ထုတ်လုပ်မှုလျော့ကျသွား သည်နှင့် တစ်ပြေးညီ လက်ကျန်စာရင်းများပါ စံချိန်တင်ကျဆင်းသွားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရော ဂါပျံ့နှံ့မှုက မျှော်လင့်ချက်များအပေါ် လေးလံစွာဖိစီးလာနေ၍အခြေအနေမှာ အကြီးအကျယ်မရေမရာဖြစ်နေသောကြောင့် လာမည့် တစ်နှစ် အတွင်း ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကုမ္ပဏီများ၏ ယုံကြည်မှုမှာ ဧပြီတွင်ဆက်လက်နိမ့်ကျလာခဲ့ပြီး အပြုသဘောအမြင်မှာ စံချိန်သစ်အနိမ့်ဆုံးအဆင့်သို့ ထိုးကျသွားခဲ့သည်။

**Source:** https://news-eleven.com/article/172557

## COVID-19 ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးတွင် ထိခိုက်မှုအခြေအနေ ဆန်းစစ်မှု (Impact Assessment) များကို အဖွဲ့အစည်းသုံးခုပေါင်း၍ စတင်လုပ်ဆောင်နေ



COVID-19 ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍ အသီးသီးတွင် ထိခိုက်မှုအခြေအနေဆန်းစစ်မှု (Impact Assessment) များကို အဖွဲ့အစည်းသုံးခုပေါင်း၍ စတင်လုပ်ဆောင်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက နိုင်ငံပိုင်မီဒီယာများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။ “ဧပြီ ၂၈ ရက်က COVID-19 Economic Relief Plan – CERP ဆိုတာကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအထဲမှာ ရေတိုလုပ်မယ့် လုပ်ငန်းစဉ်တွေ အကုန်လုံးပါပါတယ်။ ဒါက ၂၀၂၀ နှစ်ကုန်ပိုင်း အထိ ဘာတွေဆောင်ရွက်မယ်ဆိုတာကို အသေးစိတ်ရေးဆွဲထားတာပါ။ ရေတိုကုစားတဲ့အပိုင်းပါ။ ကာလလတ်၊ ကာလရှည် အတွက် လုပ်ရမှာတွေအတွက် DaNa Facility၊ UNCDF ခေါ်တဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုနဲ့ International Trade Centre သုံးခုပေါင်းပြီး မြန်မာနိုင်ငံ စးပွားရေးကဏ္ဍမှာ ဘယ်ကဏ္ဍဘယ်လောက်ထိခိုက်သွားသလဲဆိုတာကို ထိခိုက်မှုဆန်းစစ်ခြင်း (Impact Assessment) စလုပ်နေပြီ။ Impact Assessment အပေါ်မူတည်ပြီး ဘယ်ကဏ္ဍကထိခိုက်ပြီး ပြန်လည်ကုစားဖို့ အတွက်၊ ပြန်ထူထောင်ဖို့အတွက် ကုစားရေး အစီအစဉ် တွေကိုလည်း အသေးစိတ် ဆောင်ရွက်သွားမှာပါ” ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

လာမည့်ဇွန်လကုန်၌ လက်ရှိဆောင်ရွက်နေသည့် Impact Assessment လုပ်ငန်းစဉ်ရေးဆွဲခြင်း ပြီးစီးနိုင်မည်ဖြစ်ပြီး ကုစားရေး အစီအစဉ်များကို ဆက်လက်ထွက်ပေါ်လာမည်ဖြစ်ကြောင်းသိရသည်။ “ဒီ Impact Assessment က ဒီခြောက်လပိုင်း လကုန်ဆိုရင်ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ အခု Survey ဆင်းနေတာတွေရှိပါတယ်။ အချက်အလက်တွေ ကောက်နေ ပါတယ်။ သုံးသပ်ချက်တွေ ဆောင်ရွက်နေတာလည်းရှိပါတယ်။ ဒီဟာတွေကနေ ဆက်ပြီးအကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်တွေ ထွက်ပေါ်လာမှာပါ” ဟု ဦးအောင်နိုင်ဦးကပြောကြားသည်။ စီးပွားရေးကဏ္ဍအစုံ နယ်ပယ်စုံတွင် ပြန်လည်

ထုထောင်နိုင်မည့် နည်းလမ်းများပါဝင်သည့် COVID-19 ဘက်စုံတုံ့ပြန်ရေးစီမံချက် မကြာမီအကောင်အထည် ဖော်တော့မည် ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှား လျက်ရှိရာ အိမ်ထောင်စုများနှင့် စီးပွားရေး လုပ်ငန်းများအပေါ် လူမှုစီးပွားထိခိုက်မှုများ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန်၊ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် COVID-19 ဘက်စုံ တုံ့ပြန်ရေး စီမံချက်ကို မကြာမီ အကောင်အထည် ဖော်တော့မည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရေးသားသည့် "COVID-19 ကပ်ရောဂါတိုက်ဖျက်ဖို့ တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ကြပါစို့" ဆောင်းပါးတွင် ဖော်ပြထားသည်။ အဆိုပါစီမံချက်တွင် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လုပ်ငန်းစဉ်များ ပါဝင်ပြီး နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပြန်လည်ထူထောင်နိုင်မည့် နည်းလမ်းများ ပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ COVID-19 ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မူဝါဒချမှတ်ရာ၌လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်အခများနှင့်အလုပ်လုပ်ကိုင်ခြင်းအတွက် ဝင်ငွေခွန်များပိုမို ကောက်ခံခြင်းကဲ့သို့သော မူဝါဒများကိုချမှတ်သွားမည်မဟုတ်ဘဲ လက်ရှိမြန်မာနိုင်ငံသားများ ရရှိခံစားလျက်ရှိသည့် လူမှုဖူလုံရေးဆိုင်ရာ ခံစားခွင့်များနှင့် စီးပွားရေးဆိုင်ရာ အခြေခံ ခံစားခွင့်များကို ထိခိုက်မှုမရှိသည့် မူဝါဒများကိုသာ ချမှတ်မည် ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကို တွန်းလှန်နိုင်ရန် ကြိုးပမ်းလျက်ရှိရာတွင် မြန်မာနိုင်ငံ အနေဖြင့်လည်း တိကျသည့် စီမံချက်များချမှတ်၍ တွန်းလှန်သွားရန် လိုအပ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

**Source:** https://news-eleven.com/article/172551

## မြန်မာအထည်ချုပ်စက်ရုံမှ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ပစ္စည်း ကျပ်သိန်း ၂၀၀၀ ဖိုး ဒိန်းမတ်အစိုးရ မှာယူ




ဒိန်းမတ်အစိုးရက မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံ နှစ်ခုမှ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်း ကျပ်သိန်း ၂၀၀၀ ဖိုးမှာယူလိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက မေ ၆ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည်။ ထိုသို့ ဝယ်ယူခြင်းသည် အဝတ်အထည်များအစား တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သော ဆေးရုံ၊ ဆေးခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်းများအပါအဝင် ရောဂါကာကွယ်ရေး ဝတ်စုံ (PPE) များကို စတင်ပြောင်းလဲချုပ်လုပ်ရန် ပြင်ဆင် နေသည့် ပြည်တွင်းအထည်ချုပ်စက်ရုံ နှစ်ရုံအား ကူညီ ထောက်ပံ့သည့်အနေဖြင့် ဒိန်းမတ်အစိုးရက ယခုကဲ့သို့ မှာယူခဲ့ခြင်းဖြစ်သည်ဟု သံရုံးကဆိုသည်။ 'အခုလို COVID-19 ဖြစ်ပွားနေတဲ့ အချိန်ကာလမှာမြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်စက်ရုံ တွေ အနေနဲ့ သူတို့ရဲ့ ထုတ်လုပ်မှုလုပ်ငန်းပုံစံကို ခေတ္တခဏပြောင်းလဲရပါမယ်။ ကျွန်တော်တို့ အနေနဲ့ ရောဂါကာကွယ် တိုက်ဖျက်ဖို့အတွက် PPE တွေထုတ်လုပ်မှုကို ထောက်ပံ့ပေးချင်တာ ဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးရတော့မယ် အလုပ်သမားတွေ အလုပ်အကိုင်ဆက်ရှိစေချင်တာလည်းပါတယ်''ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး မစ္စတာ ဂျွန်နေ(လ်)ဆင်က ပြောကြားသည်။

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ဆုံးရှုံးနစ်နာခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများအနက် အထည်ချုပ်ကဏ္ဍသည် ဆုံးရှုံးမှုအများဆုံးကဏ္ဍတစ်ခုဖြစ်ပြီး ဖေဖော်ဝါရီလနှင့်မတ်လများတွင် တရုတ်နိုင်ငံမှ အသွားအလာ ကန့်သတ်လိုက်ချိန်၌ ကုန်ကြမ်းပစ္စည်းများ မတင်သွင်းနိုင်တော့သည့် အခြေအနေရင်ဆိုင်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမှ သတ်မှတ်ထားသော အသွားအလာကန့်သတ်လိုက်ခြင်းများနှင့် ယခုအချိန်တွင် ဥရောပဈေးကွက်မှဝယ်လိုအား ပြေသနာများကြောင့် မြန်မာ့အထည်ချုပ်လုပ်ငန်းများ လည်ပတ်နိုင်ရန် များစွာအခက်အခဲဖြစ်ပေါ်ခဲ့သည်။ အလုပ်သမား ခုနှစ်သိန်းခန့်

ရှိသော မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းတွင် အများစုမှာအမျိုးသမီးများဖြစ်ပြီး ထောင်ပေါင်းများစွာသော အလုပ်သမားများမှာ လုပ်ခလစာမရဘဲ အလုပ်မှရပ်နားခံရခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ လုံးဝဆုံးရှုံးတော့မည့် အခြေအနေများကို ရင်ဆိုင်ရဖွယ်ရှိနေသည်။ ငွေကြေးဆုံးရှုံးနစ်နာမှုများကြောင့် လုပ်ငန်းများကိုလျှော့ချလိုက်ရသည့် အထည်ချုပ်စက်ရုံအများအပြားရှိနေပြီး အနာဂတ်တွင် လုံးဝပိတ်ရမည့် အနေအထားများလည်းရှိနေသည်။ ''ကျွန်တော်တို့ အခုထောက်ပံ့ ပေးမယ့် လုပ်ငန်းတွေက စရိတ်စကကြီးမားတဲ့ သွင်းကုန်တွေကိုအစားထိုးတဲ့ ပြည်တွင်းထုတ်လုပ်ရေးလုပ်ငန်းတွေဖြစ်ပြီး ပြည်တွင်းက အလုပ်အကိုင် အခွင့်အလမ်းတွေကိုလည်း ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ သူတို့ကို ကြည့်ပြီးအခြား အထည်ချုပ်စက်ရုံတွေလည်း COVID–19 ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးအကျပ်အတည်းတွေကို ကျော်လွှားနိုင်မယ့် နည်းဗျူ ဟာအသစ်တွေ စတင်လုပ်ကိုင်လာဖို့ ယုံကြည်ချက်တွေ ရှိလာမယ်လို့ မျှော်လင့်ပါတယ်''ဟု မစ္စတာ ဂျွန်နယ်(လ်)ဆင်က ပြောသည်။

ယင်းအကူအညီကို ဒိန်းမတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးအထောက်အပံ့ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ(RBF) မှ တစ်ဆင့်ပေးအပ်သွားမည်ဟုသိရသည်။ RBF သည် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများ တာဝန်ယူမှု၊ တာဝန်ခံမှု အလေ့အထကောင်းများနှင့် ဒေသတွင်းပြိုင်ဆိုင်နိုင်စွမ်းများ တိုးတက်လာစေလိုသော ရည်ရွယ်ချက်များဖြင့် စတင်တည်ထောင်ခဲ့ပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား(SMEs) ထောက်ပံ့ငွေ တစ်စိတ်တစ်ပိုင်းပေးအပ်ခြင်းဖြင့် ကူညီလျက်ရှိသည်ဟု မြန်မာနိုင်ငံဆိုင်ရာဒိန်းမတ်သံရုံးကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138988.html

## လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၅ ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ပိုမိုရရှိထားဟုဆို



လက်ရှိဘဏ္ဍာနှစ် ခုနစ်လခန့်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ၂ ဒသမ ၅ ဘီလျံကျော် ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ပြောကြားသည်။ “ဒီဇြေပြီ ၂၄ ရက်အထိ အထည်ချုပ်တင်ပို့မှုကနေ ဒေါ်လာ ၂ ဒသမ ၅ ဘီလျံရှိတယ်။ ယခင်နှစ်ထက် ဒေါ်လာသန်း ၁၂၀ ပိုတယ်” ဟု ဦးခင်မောင်လွင်က ပြောကြားသည်။ ထို့ကြောင့် ၂၀၁၉ –၂၀၂၀ ဘဏ္ဍာ အောက်တိုဘာ ၁ ရက်မှ ဧပြီ ၂၄ ရက်အထိ ခုနစ်လခန့်တွင် ပြည်ပသို့ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း CMP ပို့ကုန်များမှာ နှစ်စဉ် တိုးတက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ “ပုံမှန်ကလည်း CMP လုပ်ငန်းတွေက တောက်လျှောက်တိုးတက်နေတယ်။ နှစ်စဉ် နှစ်စဉ် တိုးတက်နေတဲ့ အခြေအနေမှာရှိတယ်” ဟု ဦးခင်မောင်လွင်ကဆိုသည်။

အထည်ချုပ် CMP ထုတ်လုပ်မှုတန်ဖိုးသည် လေးနှစ်အတွင်း ၁၀ ဆတိုးတက်လာခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာ ငါးဘီလျံခန့်အထိ တိုးတက်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ဆိုသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အစိုးရသစ်စတင် တာဝန်ယူချိန်၌ အထည်ချုပ် CMP ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာသန်း ၅၀၀ နှင့် အလုပ်ကိုင်လေးသိန်းခန့် ဖန်တီးပေးနိုင်ခဲ့သည်။

အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း အထည်ချုပ်လုပ်ငန်း CMP ထုတ်လုပ်မှုတန်ဖိုးသည် ဆယ်ဆတိုးတက်လာပြီး ယခုအစိုးရသက်တမ်း စတုတ္ထနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်မည့် အခြေအနေများရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမားခြောက်သိန်းခန့်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ယင်းအနက် ၉၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီး ပေးနိုင်ခဲ့ကြောင်းသိရသည်။

၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါးရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၀ ဘီလျံရရှိရန်မျှော်မှန်းထားကြောင်း ၂၀၁၉ ခုနှစ် မေ ၁၁ ရက် က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးမှသိရသည်။ မြန်မာနိုင်ငံ၏ထုတ်လုပ်မှုကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်း အထည်ချုပ်ကဏ္ဍတွင် အများဆုံးဝင်ရောက်လျက်ရှိကြောင်းသိရ သည်။

**Source:** https://news-eleven.com/article/172532

## ရိုးမဘဏ်က ဘဏ်အချင်းချင်းငွေလွှဲဝန်ဆောင်ခ စတင်ကင်းလွတ်ခွင့်ပြု




COVID-19 ဂယက်ကြောင့် စိန်ခေါ်မှုများကြုံတွေ့နေရသည့် စီးပွားရေးလုပ်ငန်းများအား အထောက်အပံ့ပေးရန်နှင့် Customer များအတွက် လွယ်ကူသောဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆက်လက်ပေးစွမ်းရန် မေ ၇ ရက်မှစ၍ ဘဏ်အချင်းချင်း ငွေလွှဲ ဝန်ဆောင်ခကို ရိုးမဘဏ်က ကင်းလွတ်ခွင့်ပြုကြောင်း ကြေညာ သည်။

ထိုသို့ကင်းလွတ်ခွင့်ပြုခြင်းသည် ရိုးမဘဏ်အကောင့် သုံးစွဲသူများအတွက် ငွေလွှဲရာတွင် လွယ်ကူစိတ်ချစွာ ဆောင်ရွက် နိုင်စေခြင်းအားဖြင့် လက်ရှိကြုံတွေ့နေရသောအခြေအနေ၏ ရိုက်ခတ်မှုကို သက်သာလျော့နည်းစေရန်နှင့် ငွေသားမဲ့စီးပွားရေးဆီသို့ ခြေလှမ်းသစ်တစ်ခုလှမ်းနိုင်စေရန် ရည်ရွယ်သည်ဟု ရိုးမဘဏ်က ဆိုသည်။ ရိုးမဘဏ် အကောင့်ပိုင်ဆိုင်သူ မည်သူမဆို ဘဏ်အချင်းချင်းငွေလွှဲဝန်ဆောင်မှုအတွက် ဝန်ဆောင်ခကင်းလွတ်ခွင့် ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကွန်ရက်အဖွဲ့ဝင် အခြားဘဏ်တစ်ခု၏ အကောင့်ထဲသို့ ရိုးမဘဏ် ငွေလွှဲကောင်တာမှတစ်ဆင့် ငွေလွှဲပါက ရိုးမဘဏ်အတွက် ဝန်ဆောင်ခနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကွန်ရက်အသုံးပြုကြေး (CBM Net Fee) များ အပါအဝင် ဝန်ဆောင်ခအားလုံးကို ကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်။ အလားတူ အခြားဘဏ်အကောင့်မှ ရိုးမဘဏ်အကောင့်သို့ ငွေလွှဲလျှင်လည်း ရိုးမဘဏ်အတွက် ဝန်ဆောင်ကို ပေးဆောင်ရမည်မဟုတ်ပေ။ သို့သော် အခြားဘဏ်မှ ကောက်ခံသော ဝန်ဆောင်ခ များမှာမူ အဆိုပါဘဏ်များ၏ (CBM Net Fee) အသုံးပြုကြေးနှင့် ဘဏ်ဝန်ဆောင်ခအပါအဝင် ငွေလွှဲဝန်ဆောင်ခ နှုန်းထားများအတိုင်း ဆက်လက်ပေးဆောင်ရမည်ဖြစ်သည်။ ''ယခုအခြေအနေမှာ လုံခြုံစိတ်ချမှု၊ အဆင်ပြေချောမွေ့မှုနဲ့ သက်သာချောင်ချိရေးတို့က အဓိကဖြစ်တယ်ဆိုတာ ကျွန်တော်တို့နားလည်သဘောပေါက်ပါတယ်။ ယခုလို ဝန်ဆောင်ခ မကောက်ခံတော့တဲ့အတွက် ငွေပေးငွေချေမှုတွေကို လုံခြုံစိတ်ချစွာနဲ့ သက်သက်သာသာဆောင်ရွက်နိုင်မှာဖြစ်သလို ငွေသားမဲ့ စီးပွားရေး တစ်ခုဆီသို့ ခြေလှမ်းတစ်ခုအနေနဲ့လည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ ခက်ခဲတဲ့အချိန်မှာ ကျွန်တော်တို့ ရိုးမဘဏ် Customer တွေကို လိုအပ်သလို ကူညီထောက်ပံ့ပေးနိုင်ဖို့ ဆက်လက်ပြီးကြိုးပမ်းအကောင်အထည် ဖော်သွားမှာ ဖြစ်ပါတယ်''ဟု ရိုးမဘဏ် အမှုဆောင် အရာရှိချုပ်Mr. Dean Cleland က ပြောသည်။

COVID-19 ဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း ရှိးမဘဏ်သည် ကပ်၏နောက်ဆက်တွဲ သက်ရောက်မှုနှင့် ကြုံတွေ့နေရသော Customer များ၏ စိန်ခေါ်မှုများအား ကူညီဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ခဲ့ပြီး ခက်ခဲသောအချိန်တွင် Customer များ၏ ငွေကြေးစီးဆင်းမှုအခက်အခဲကို ကူညီဖြေလျှော့ပေးရန် ၆ လအထိ ချေးငွေအရင်းပြန်ဆပ်မှု ဆိုင်းငံ့ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138989.html

## အမေရိကန်စီးပွားရေး လျင်လျင်မြန်မြန် ပြန်လည်ထူထောင်နိုင်မည်မဟုတ်ဟု စီးပွားရေးပညာရှင်များ ခန့်မှန်း

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်၏စီးပွားရေး အရှိန်အဟုန်နှင့်ကျဆင်းလျက်ရှိကြောင်း AP သတင်းစာမျက်နှာတွင် ဖော်ပြထားပါသည်။ ယခုဆိုလျှင် ပြည်နယ်တစ်ချို့က စီးပွားရေးလုပ်ငန်းတစ်ချို့ အလုပ်ပြန်လည်လုပ်ဆောင်နေကြပြီဖြစ်တဲ့အတွက် ၂၀၂၀ပြည့်နှစ်၏ ဒုတိယ နှစ်ဝက်အတွင်း စီးပွားရေးပြန်လည်ထူထောင်နိုင်ရန် မျှော်လင့်ချက်ရောင်ခြည်သန်းနေပြီဖြစ်ပါသည်။ အလုပ်သမားများကလည်း အရင်လိုပြန်လည်လုပ်ငန်းခွင်ဝင်ရောက်သလို စားသုံးသူများကလည်း အရင်လို ပြန်လည်ဝယ်ယူသုံးစွဲမည်ဆိုပါက စီးပွားရေးသည် သိသိသာသာပြန်လည်ကောင်းမွန်လာမည်ဖြစ်ပါသည်။

စီးပွားရေးပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ဆိုးဝါးစွာကူးစက်ပြီး စီးပွားရေးတစ်ခါပြန်ပိတ်ရမည်လားဆိုသည့် စိုးရိမ်မှုများလည်းရှိနေကြသည်။ တခြားတစ်နည်းကတော့ ပြည်သူများအလုပ်သမားနှင့် စားသုံးသူများအနေနှင့် ကိုရိုနာဗိုင်းရပ်စ်အား အထူးသတိကြီးစွာ ဆက်လက်ထိန်းချုပ်ပြီးမှ စီးပွားရေးပြန်လည်စတင်သင့်လားဆိုသည့် အချက်ဖြစ်ပါသည်။ ယင်းအတိုင်း ဆောင်ရွက်သွားမည်ဆိုပါကလည်း စီးပွားရေးပြန်လည်ထူထောင်အောင် ဆောင်ရွက်လာနိုင်မည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် နိုင်ငံအတွင်းနေရာအတော်များများပိတ်ထားခဲ့ရပြီး စီးပွားရေးစတင်ကျဆင်းလာကာလအကြာရှည်ဆုံးကျဆင်းမှုလည်းဖြစ်နိုင်ကြောင်း၊ အမေရိကန်နိုင်ငံ၏စီးပွားရေးသည် ၂၀၂၀ပြည့်နှစ်၊ ပထမ ၃ လတာကာလတွင် ၄.၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဧပြီလ ၂၉ ရက်နေ့က အစိုးရ၏ခန့်မှန်းချက် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပထမ ၃ လတာကာလ၌ကျဆင်းခဲ့သည့် စီးပွားရေးသည် ဆက်လက်၍ ဒုတိယ ၃ လတာကာလဖြစ်သည့် ဧပြီ၊ မေနှင့်ဇွန်လတို့တွင်လည်း ကျဆင်းနေမည်ဖြစ်ပါသည်။ လွှတ်တော်ငွေစာရင်းရုံးက စီးပွားရေးဆောင်ရွက်မှုသည် ယခု ၃ လပတ်ကာလတွင် နှစ်စဉ်နှုန်းထား၏ ၄၀ ရာခိုင်နှုန်းခန့်ကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။

စားသုံးသူများက အိမ်မှာနေကြပြီး အလုပ်သမားများကလည်း ၎င်းတို့အလုပ်ပြန်မလုပ်နိုင်ပါက အမေရိကန်၏ စီးပွားရေးပျက်ဆီးဆုံးရှုံးမှု ကြီးစွာရင်ဆိုင်ကြရပြီး အမြဲတမ်းမိသားစုဝင်ငွေကျဆင်းလာခြင်း၊ ထာဝရ စီးပွားရေးလုပ်ငန်းပိတ်ရခြင်း၊ ထာဝရအလုပ်လက်မဲ့ဖြစ်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလျော့နည်းခြင်းတို့ဖြစ်လာနိုင်ပြီး စီးပွားရေးပြန်လည်ဦးမော့လာရန် ဟန့်တားနေမည်ဖြစ်ပါသည်။ ဂျီဒီပီ အစီရင်ခံစာတွင် စီးပွားရေးဆောင်ရွက်မှု၏ ၇၀ ရာခိုင်နှုန်းရှိသည့် အိမ်ထောင်စုများ၏ သုံးစွဲမှုကျဆင်းလာခြင်းသည် အမေရိကန်စီးပွားရေးအတွက် အားနည်းမှုဖြစ်ပေါ်နေကြောင်း ဖော်ပြထားပါသည်။ ၂၀၂၀ပြည့်နှစ်၏ ပထမ ၃ လတာကာလတွင် အိမ်ထောင်စုများ၏ သုံးစွဲမှုသည် နှစ်စဉ်နှုန်းထား၏ ၇.၆ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၉၈၀ ခုနှစ်ကတည်းက အနိမ့်ဆုံးကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုသည် ၈.၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

စီးပွားရေးကျဆင်းနေခြင်းမှ ပြင်းပြင်းထန်ထန်စီးပွားရေးပျက်သည်ထိ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကျန်းမာရေးအကျပ်အတည်း ဖြေရှင်းပြီးသည့်အခါ သမ္မတထရမ့်အစိုးရအနေနှင့် စီးပွားရေး လျင်လျင်မြန်မြန် ပြန်လည်ထူထောင်နိုင်ရန် ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ပြည်သူအများစုသည် ခရီးသွားခြင်း၊ စတိုးဆိုင်များတွင်ဈေးဝယ်ခြင်း၊ စားသောက်ဆိုင်များတွင် သွားရောက်စားသုံးခြင်း၊ ရုပ်ရှင်ရုံများတွင် သွားကြည့်ခြင်းတို့ကိုဆောင်ရွက်ရန် လွန်စွာကြောက်ရွံ့နေနိုင်ကြောင်း စီးပွားရေးပညာရှင်များက အကြံပြုကြသည်။ ထို့ပြင် ပြည်နယ်နှင့်ပြည်ထောင်စုအစိုးရတာဝန်ရှိသူများကိုလည်း ကျန်းမာရေးအကြောင်းပြချက်ဖြင့် ကန့်သတ်မှုများ ဆက်လက်တည်ရှိနိုင်ပါသည်။ သို့ဖြစ်ရာ စီးပွားရေးပြန်လည်ထူထောင်ရန် ခက်ခဲနေမည်ဖြစ်ကြောင်း၊ စီးပွားရေးကျဆင်းမှုကြောင့် ဆုံးရှုံးမှုများသည် တစ်ချို့ ခန့်မှန်း

ထားသည့်အချိန်ကာလထက် ပိုမိုကြာမြင့်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များကဆိုပါသည်။ သို့သော် ပြည်နယ်အစိုးရများက ဗိုင်းရပ်စ်ကြောင့်ချမှတ်ထားသည့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည့်အတွက် ပြည်နယ်များတွင် ၎င်းတို့စီးပွားရေးလုပ်ငန်းများကို မေလ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြပြီး ပြည်သူများလည်း လုပ်ငန်းခွင်ပြန်လည် ဝင်ရောက်ခွင့်ရရှိနေကြပြီ ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းပိုင်ရှင်များက ဗိုင်းရပ်စ်ကြောင့် သေပျောက်နှုန်းတည်ငြိမ်နေသည့်ကြားက စည်းကမ်းချက်များ ဖြေလျှော့ပေးခဲ့ခြင်းကို သတိကြီးစွာဖြင့် ကြိုဆိုပါကြောင်းနှင့် အစိုးရအနေနှင့် မှန်ကန်သည့်လမ်းညွှန်ချက်ဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာသွားမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် အလုပ်အကိုင်များလည်း ပြန်လည်လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်းလုပ်ငန်းရှင်တစ်ချို့ကဆိုပါသည်။

**Source:** https://apnews.com/e0d04987133c2f48992b98ace0a1e846

https://www.nbcnews.com/news/us-news/states-begin-reopen-business-owners-cautiously-welcome-easing-coronavirus-restrictions-n1198271

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ အမေရိကန်**

## နိုင်ငံတကာ ခရီးသွားလုပ်ငန်း ယခုနှစ်တွင် (၈၀) ရာခိုင်နှုန်းကျဆင်းနိုင်

နိုင်ငံတကာခရီးသွားလာမှုများ ပြန်လည်ဖွင့်လှစ်မှုအပေါ်မူတည်၍ ၂၀၂၀ ပြည့်နှစ်အတွက် နိုင်ငံတကာခရီးသွားအရေအတွက်မှာ (၆၀) ရာခိုင်နှုန်းမှ (၈၀) ရာခိုင်နှုန်း ကျဆင်းနိုင်မည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ World Tourism Organization(UNWTO) က ကြေညာခဲ့ကြောင်း၊ UNWTO အနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ (၂၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း မတ်လအတွင်းကခန့်မှန်းခဲ့ရာ ယခုခန့်မှန်းချက်နှင့် သိသိသာသာခြားနားမှုရှိကြောင်း၊ လက်ရှိ နိုင်ငံ တကာခရီးသွားလုပ်ငန်း၏ အကျပ်အတည်းမှာ မှတ်တမ်းများစတင်ခဲ့သည့် ၁၉၅၀ ခုနှစ်ကတည်းက အဆိုးရွားဆုံးတစ်ခုဖြစ်သည်ဟု UNWTO က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံအများအပြား၌ အသွားအလာကန့်သတ်မှုများ ဆောင်ရွက်ခဲ့သဖြင့် ယခုနှစ်၏ ပထမသုံးလပတ်တွင် နိုင်ငံတကာခရီးသွားအရေအတွက်မှာ (၂၂)ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ မတ်လအတွင်း (၅၇) ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု UNWTO အရသိရှိရကြောင်း၊ ယင်းသို့ ကျဆင်းမှုနှင့်အတူ ယခုနှစ်၏ ပထမသုံးလပတ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ (၈၀) ဘီလီယံ ဆုံးရှုံးခဲ့ပြီး၊ တစ်နှစ်လုံးအတွက် ဘဏ္ဍာရေးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ (၉၁၀) ဘီလီယံ မှ (၁၂၀၀) ဘီလီယံအထိ ရှိနိုင်ကြောင်း၊ ကမ္ဘာ့ဒေသအသီးသီးတွင် ခရီးသွားလုပ်ငန်းကျဆင်းမှု၏ရိုက်ခတ်မှုများ ကွဲပြားမှုရှိနိုင်ပြီး၊ အာရှနှင့်ပစိဖိတ်ဒေသမှာ ပထမဦးစွာ ပြန်လည်နိုးထနိုင်မည်ဟု မျှော်လင့်ထားကြောင်း UNWTO က ပြောကြားခဲ့ပါသည်။

UNWTO ၏ နိုင်ငံတကာခရီးသွားကဏ္ဍအပေါ် ခန့်မှန်းချက်အသစ်မှာ ဖြစ်တန်စွမ်းအခြေ အနေ (၃) ခု အပေါ်အခြေခံ၍ခန်မှန်းထားခြင်းဖြစ်ပြီး၊ ဇူလိုင်လအစောပိုင်းကာလတွင် နိုင်ငံတကာ ခရီးသွားလာမှုဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ဖွင့်လှစ်ခဲ့ပါက (-၅၈) ရာခိုင်နှုန်း၊ စက်တင်ဘာလအစောပိုင်းတွင် ဖြေလျှော့ခဲ့ပါက (-၇၀) ရာခိုင်နှုန်းနှင့် ဒီဇင်ဘာလအစောပိုင်းမှ ဖြေလျှော့ခဲ့လျှင် (-၇၈) ရာခိုင်နှုန်း ရှိနိုင်ခြင်းဖြစ်ကြောင်း၊ ခရီးသွားလာမှုများကျဆင်းခြင်းကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍ၌ တိုက်ရိုက်အလုပ်အကိုင် အရေအတွက် သန်း(၁၀၀) မှ (၁၂၀) ခန့်အထိ ဆုံးရှုံးနိုင်ချေရှိနေကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ နောက်ဆုံးသုံးလပတ်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်း ပြန်လည် ကောင်းမွန်လာမည့် လက္ခဏာများကိုမြင်တွေ့နိုင်ရန် အများစုကမျှော်လင့်ထားသော်လည်း ၂၀၂၁ ခုနှစ်တွင်မှ အများအပြားပြန်လည်နာလန်ထူနိုင်မည်ဟု UNWTO က ပြောကြားထားပြီး၊ နိုင်ငံတကာခရီးသွားထက် ပြည်တွင်းခရီးသွားလာမှုများ၌ ပို၍ မြန်မြန်ဆန်ဆန်ကောင်းမွန်လာနိုင်ရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားလာမှုများထက် အားလပ်ရက်ခရီးသွားလာခြင်းများ အထူးသဖြင့် မိတ်ဆွေသူငယ်ချင်းများနှင့် ဆွေမျိုးများထံ အလည်အပတ်သွားလာခြင်းတို့တွင် ပို၍မြန်ဆန်စွာကောင်းမွန်လာနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အာဖရိကနှင့်အရှေ့အလယ်ပိုင်းဒေသများတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ခရီးသွားလုပ်ငန်းပြန်လည် ကောင်းမွန်

လာနိုင်မည့်အခြေအနေကို ကျွမ်းကျင်သူအများစုက ခန့်မှန်းထားကြကြောင်း၊ အမေရိကဒေသအား ၂၀၂၀ ပြည့်နှစ်အတွင်း ခရီးသွားလုပ်ငန်းပြန်လည်ကောင်းမွန်မည့် အလားအလာ အနည်းဆုံးအဖြစ် ကျွမ်းကျင်သူအများစုက ယူဆထားကြကြောင်း၊ ဥရောပနှင့်အာရှဒေသတို့အတွက် ခန့်မှန်းချက်များတွင် ကျွမ်းကျင်သူများ၏ ထက်ဝက်ခန့်က ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြ ကြောင်း ဘာရပ်ဆဲလ်တိုင်းမ်၏ ၇-၅-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရ သိရှိရပါသည်။

Source: ဘာရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာရပ်ဆဲလ်**

## ငွေကြေးချမ်းသာသူများမှငွေသားများကို စင်ကာပူဘဏ်သို့ ပြောင်းရွှေ့လိုက်ခြင်းကြောင့် ဟောင်ကောင်ဒေသအတွက် ဆုံးရှုံးမှုများပေါ်ခဲ့ကြောင်း UBS ကပြောကြားခြင်း

နိုင်ငံတကာငွေကြေးစင်တာ တစ်ခုဖြစ်သည့် ဟောင်ကောင်ဒေသနှင့် ယှဉ်ပြိုင်ဘက်ဖြစ်သည့် စင်ကာပူနိုင်ငံက ဟောင်ကောင်ဒေသကိုကျော်လွန်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်းဘဏ်များသို့ ငွေသားများပြောင်းရွှေ့ရာတွင် ဟောင်ကောင်ဒေသထက် စင်ကာပူနိုင်ငံသို့ ပြောင်းရွှေ့ရန် UBS ရှိ ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များကို အာရှပစိဖိတ်ဒေသရှိ Swiss Bank ဥက္ကဋ္ဌ Mr. Edmund Koh ကပြောကြားလိုက်ကြောင်း၊ ၂၀၁၉ ခုနှစ်က စင်ကာပူနိုင်ငံတွင် ဘဏ်အကောင့်သစ်များ ပိုမိုဖွင့်ခဲ့သော်လည်း ဟောင်ကောင်ဒေသမှ ငွေသားများ သိသိသာသာပြောင်းရွှေ့သွားခြင်း မရှိကြောင်း၊ ၂၀၁၉ ခုနှစ်က ပြင်ပသို့ ဟောင်ကောင်ဒေသ၏ အသားတင် ငွေသားထွက်ရှိမှုမှာ ဟောင်ကောင်ဒေါ်လာ (၂၅၅.၂) ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၂.၉၃) ဘီလီယံရှိခဲ့ရာ (၂၀၁၈) ခုနှစ်ထက် ဟောင်ကောင်ဒေါ်လာ (၁၆၅.၉) ဘီလီယံ မြင့်မားခဲ့ကြောင်း၊ COVID-19 ကြောင့် ဟောင်ကောင်ဒေသ၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်၊ ပထမ လေးလပတ် အတွင်း (၈.၉) ရာခိုင်နှုန်း လျော့ကျခဲ့ပြီး အနာဂတ်တွင် ပိုမိုဆိုးရွားသည့် အခြေအနေနှင့်ရင်ဆိုင်ရနိုင်ကြောင်း၊ အာရှဒေသမှ စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးများကလည်း စတော့ ရှယ်ယာဈေးနှုန်းများ ကျဆင်းချိန်တွင် ရှယ်ယာများဝယ်ယူ၍ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုမ္ပဏီများ တည်ထောင်ရန် လုပ်ကိုင်လာကြောင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုလုံးအား ၎င်းတို့ပိုင်ဆိုင်နိုင်ရန် ဝယ်ယူ၍ရနိုင်မည့် ပုဂ္ဂလိကဈေးကွက်များကို ရှာဖွေလာကြောင်း၊ လေကြောင်းလိုင်း၊ အဆောက်အဦနှင့် ဈေးဝယ်စင်တာများ၏ ဈေးကွက်များ လျော့နည်းခြင်းနှင့် စားသုံးသူများ၏ ဝယ်ယူစားသုံးမှု အလေ့အထများလည်း ပြောင်းလဲလာကြောင်း၊ အာရှလေကြောင်းလိုင်းလုပ်ငန်းတွင် Virgin Australia လေကြောင်းလိုင်းသည် ဧပြီလတွင်ပြိုလဲခဲ့ကြောင်း၊ စင်ကာပူလေကြောင်းလိုင်းမှ မတ်လတွင် ရှယ်ယာရှင်များအား စင်ကာပူဒေါ်လာ (၅.၃) ဘီလီယံ ထုတ်ပေးခဲ့ကြောင်း၊ COVID-19 ဖြစ်ပွားရာ စီးပွားရေးလုပ်ငန်းများ ကျဆင်းမှုများဖြစ်သောကြောင့် လုပ်ငန်းများ ပေါင်းစပ်လုပ်ကိုင်သင့်သည်ဟု လုပ်ငန်းကို ထိန်းချုပ်လုပ်ကိုင်သူများက ထောက်ခံ မည့် အခွင့်အလမ်းပိုများလာကြောင်း၊ ဘီလျံနာသူဌေးများကလည်း ငွေကြေးကဏ္ဍအဆင်ပြေချောမွေ့စေရန် အခွင့်အလမ်းများရရှိပါက လုပ်ငန်းများကို ဆက်လက် ဝယ်ယူမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Alison Tudor-Ackroyd က “Hong Kong has lost out on rich people’s fresh funds to Singapore so far this year, UBS says” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

# STOCK EXCHANGE (8.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 8th May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,000 | 10,500 | 10,000 | 16 | 165,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,600 | -250 | -6.49% | 3,650 | 3,650 | 3,600 | 9,915 | 35,737,050 | 38,929,150 | 140,145 |
| MCB | 00003 | 9,000 | +1,000 | +12.50% | 9,000 | 9,000 | 9,000 | 327 | 2,943,000 | 10,400,986 | 93,609 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 14 | 329,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,700 | 2,750 | 2,700 | 113 | 310,250 | 12,823,224 | 35,264 |

## Market summary

As of 8th May. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.79 | +0.49 | +0.11% | 440.15 | 446.79 | 429.29 | 10,385 | 39,484,800 | 5 | 611,795 |

### Index chart




# Market Overview

As of 12:30 pm, 8th May. 2020

| MYANPIX | 439.19 ▼7.11 |
|---|---|
| Total Volume (shares) | 9,668 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 601,394 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,600 | ▼ 250 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |